

Search
Khant Thu (ဖောင်ဖောင်)
42K followers • 0 following
Following
Message
Posts
About
Videos
Photos
Details
Profile · Public figure
See Khant's About Info
Pinned post
Khant Thu
Aug 4, 2022
Black 🖤

(20+) Facebook

Search

Posts About Videos Photos

**Khant Thu**
8h ·


၄ နှစ်အကြာမှ ပြန်တွေ့ရသောရန်ကုန် ❤️




491 135 shares

Like Share

**Khant Thu**
[redacted]




[(20+) Ministry of Education, National Unity Government of Myanmar – Posts | Facebook](https://www.facebook.com/moeNUGMyanmar/posts/pfbid02WUV8ahuK1U8XPYoTUPgAejRAV3orapZ79vB1ySBBE3kp24VPbEA1cZReV5TRtbdTl)

[https://www.facebook.com/moeNUGMyanmar/posts/pfbid02WUV8ahuK1U8XPYoTUPgAejRAV3orapZ79vB1ySBBE3kp24VPbEA1cZReV5TRtbdTl](https://www.facebook.com/moeNUGMyanmar/posts/pfbid02WUV8ahuK1U8XPYoTUPgAejRAV3orapZ79vB1ySBBE3kp24VPbEA1cZReV5TRtbdTl)

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
https://moe.nugmyanmar.org

**Free Online Education Institution Myanmar (FOEIM) ဖြစ်စဉ်နှင့် ပတ်သက်၍**
**ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်မှုများအား ထုတ်ပြန်ကြေညာခြင်း**
**၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်**

၁။ ပညာရေးဝန်ကြီးဌာနသည် FOEIM ကျောင်း၏ ငွေကြေးနှင့် ပတ်သက်သော သတင်းများ ဆိုရှယ်မီဒီယာတွင် မထွက်ပေါ်မီ ကြားသိသတင်းပေးပို့လာမှုအပေါ် အခြေခံ၍ ၉.၁၁.၂၀၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့သော ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး၌ စတင်ဆွေးနွေးခဲ့ပါသည်။

၂။ ဆိုရှယ်မီဒီယာများတွင် သတင်းပျံ့နှံ့ပြီးနောက် ၁၂.၁၁.၂၀၂၂ ရက်နေ့တွင် ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေးခေါ်ယူပြီး ဆရာ၊ဆရာမ၊ကျောင်းသား၊ကျောင်းသူများ၏ လုံခြုံရေးကိစ္စ၊ ပညာသင်ကြားသင်ယူမှုမပျက်စေရေးကိစ္စနှင့်တော်လှန်ရေးကိုမျက်နှာမူ၍ ဆောင်ရွက်ရေး၊ အတွက် ဦးတည်ဆွေးနွေးခဲ့ပြီး FOEIM ကိစ္စကို အလျင်အမြန် ကိုင်တွယ်နိုင်ရန် ဆက်စပ်ဝန်ကြီးဌာနများ ပါဝင်သော အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

၃။ ၁၃.၁၁.၂၀၂၂ရက် နေ့လယ်(၁း၀၀)နာရီတွင် တိုင်ကြားသူ (၄)ပါ ရုံးအဖွဲ့ဝင် (၇)ဦးနှင့်လည်းကောင်း၊ ထိုနေ့ညနေ (၄း၀၀) နာရီတွင် တိုင်ကြားခံရသူ ကိုခန့်သူအပါအဝင် (၃) ဦးနှင့် လည်းကောင်း ပညာရေးဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီဝင်များမှ တွေ့ဆုံပြီး ဆိုရှယ်မီဒီယာတွင် ပျံ့နှံ့နေမှု ကိစ္စများကို မေးမြန်းစုံစမ်းခဲ့ပါသည်။ ၎င်းတို့နှင့် တွေ့ဆုံချိန်အထိ ဆိုရှယ်မီဒီယာတွင် ပျံ့နှံ့နေသော ကိစ္စရပ်နှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာနမှ တရားဝင်တိုင်ကြားစာ လက်ခံရရှိခြင်း မရှိပါ။ ရုံးအဖွဲ့နှင့် တွေ့ဆုံမှုတွင် ပညာရေးဝန်ကြီးဌာနကို တိုင်ကြားစာ မပို့ခဲ့ကြောင်းဟု သိရှိရပါသည်။ ယုံကြည်စွာနှင့် ပို့ပေးပါရန် ပြောကြားခဲ့၍သာ ထိုနေ့ညဘက်မှ တိုင်ကြားသူများမှ email ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။

၄။ ၁၃.၁၁.၂၀၂၂ ရက်နေ့တွင် FOEIM တွေ့ဆုံခဲ့မှုနှင့် ပတ်သက်၍ ဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေးခေါ်ယူပြီး အမျိုးသားညီညွတ်ရေးအစိုးရသို့ တင်ပြကာ ကြားနာစုံစမ်းရေးအဖွဲ့ အမြန်ဖွဲ့စည်းပြီးဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၅။ ၁၉.၁၁.၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးချုပ်ရုံးမှ ဖွဲ့စည်းရန် ခွင့်ပြုပေးခဲ့ပြီး ၂၀.၁၁.၂၀၂၂ ရက်နေ့တွင် ဖြစ်စဉ်နှင့်ပတ်သက်၍ဆက်စပ်ဝန်ကြီးဌာနများ၏ တာဝန်ရှိသူများနှင့် ညှိနှိုင်းကာ ၂၁.၁၁.၂၀၂၂ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနမှ ကြားနာစုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး FOEIM နှင့်ပတ်သက်သော ကြားနာစုံစမ်းမှုများကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ပေးအပ်ခဲ့ပါသည်။

၆။ ကြားနာစုံစမ်းရေးအဖွဲ့သည် ၂၂.၁၁.၂၀၂၂ ရက်နေ့မှ ၈.၁.၂၀၂၃ ရက်နေ့အထိ ကြားနာစုံစမ်းမှုများကို ပြုလုပ်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနသို့

(က) ၁၅.၁၂.၂၀၂၂ ရက်နေ့တွင် ပထမအကြိမ်အစီရင်ခံစာကို တင်ပြခြင်း၊

(ခ) ၁၇.၁၂.၂၀၂၂ ရက်နေ့တွင် ကြားနာစုံစမ်းရေးအဖွဲ့မှ (ကြားနာစုံစမ်းမှု ဖြစ်စဉ်နှင့် ပတ်သက်၍ ကြုံတွေ့ရသော အခြေအနေကို) အရေးပေါ်ကြားဖြတ်အစီရင်ခံစာ တင်ပြပြီး ဖြစ်စဉ်နှင့် ပတ်သက်ပြီး ပြည်သူလူထုကို အသိပေးကြေညာချက် တစ်စောင်ထုတ်ပြန်ပေးပါရန် တင်ပြခြင်း၊

(ဂ) ၈.၁.၂၀၂၃ ရက်နေ့တွင် ငွေစာရင်းနှိုင်းယှဉ်ချက်များပါဝင်သော ကြားနာစုံစမ်းရေးအဖွဲ့၏ အပြီးသတ်အစီရင်ခံစာကို တင်ပြခြင်း၊

တို့ကို ပေးပို့လာပါသည်။

၇။ ၁၇.၁၂.၂၀၂၂ ရက်နေ့တွင် FOEIM ဖြစ်စဉ်နှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၏ Facebook Page မှ အသိပေးကြေညာခဲ့ပါသည်။

၈။ ၈.၁.၂၀၂၃ ရက်နေ့၌ ကြားနာစုံစမ်းရေးအဖွဲ့၏ အပြီးသတ်အစီရင်ခံစာကို ပြည်ထောင်စုဝန်ကြီးချုပ်ထံ လိပ်မူ၍ သမ္မတရုံးအပါအဝင် ဝန်ကြီးဌာနများအားလုံးသို့ မိတ္တူပေးပို့တင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးချုပ်မှ ပညာရေးဝ်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်ပြီး အမျိုးသားညီညွတ်ရေးအစိုးရသို့ ပြန်လည်တင်ပြရန် လမ်းညွှန်ခဲ့ပါသည်။

၉။ ၁၇.၁.၂၀၂၃ ရက်နေ့ နေ့လယ်(၁:၀၀) နာရီတွင် FOEIM တိုင်ကြားများ ပါဝင်သော ရုံးအဖွဲ့၊ တိုင်ကြားခံရသူ ကိုခန့်သူတို့ကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များနှင့် မူဝါဒရေးရာဌာနမှူး တို့မှ ကြားနာစုံစမ်းရေးအဖွဲ့ကို သက်သေထား၍ ခေါ်ယူတွေ့ဆုံခဲ့ပြီး ကြားနာစုံစမ်းရေးအဖွဲ့၏ အပြီးသတ် အစီရင်ခံစာ (အကျဉ်းချုပ်)ကို ဖတ်ကြားရှင်းလင်းခဲ့ပါသည်။FOEIM တက်ရောက်ထားသူများမှ အစီရင်ခံစာနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ပါသည်။

၁၀။ ပညာရေးဝန်ကြီးဌာနမှ ရှေ့လုပ်ငန်းစဉ်(၂)ရပ်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပြီး FOEIM ကျောင်းမှ နှစ်ဖက်စလုံးအား ကန့်ကွက်ရန် ရှိ၊မရှိမေးမြန်းပြီး သဘောတူပါက လက်ထောင် ဆန္ဒပြုရန် ဖိတ်ခေါ်ခဲ့ပါသည်။ ကန့်ကွက်သူမရှိ အတည်ပြုခဲ့သော ရှေ့လုပ်ငန်းစဉ်နှစ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ကျောင်းဆက်လက်လည်ပတ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၊ FOEIM မှ ကိုခန့်သူနှင့် ရုံးအဖွဲ့ပါဝင်သောအဖွဲ့ ဖွဲ့စည်း၍ ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားရန်၊

(ခ) ကြားနာစုံစမ်းရေးအဖွဲ့၏ အပြီးသတ်အစီရင်ခံစာကို ပြည်သူလူထုထံသို့ အချက်အလက် ပြည့်စုံပြီး ပွင့်လင်းမြင်သာစွာ ထုတ်ပြန်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲမှု ကော်မတီအတွင်း ဆက်လက်ဆွေးနွေးပြီး ဆောင်ရွက်သွားရန်၊

၁၁။ ၁၇.၁.၂၀၂၃ ရက်နေ့ ညနေ (၄း၀၀) တွင် FOEIM သင်ကြားရေး ဆရာဆရာမများနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များနှင့် မူဝါဒရေးရာဌာနမှူး တို့မှ ကြားနာစုံစမ်းရေးအဖွဲ့ကို သက်သေထား၍ ခေါ်ယူတွေ့ဆုံခဲ့ပြီး ကြားနာစုံစမ်းရေးအဖွဲ့၏ အပြီးသတ် အစီရင်ခံစာ (အကျဉ်းချုပ်) ကို ဖတ်ကြားရှင်းလင်းခဲ့ပါသည်။တက်ရောက်လာသော FOEIM သင်ကြားရေး ဆရာ၊ ဆရာမများက

အစီရင်ခံစာပါ မရှင်းလင်းသည့် အချက်များ မေးမြန်းခြင်း နှင့် ၎င်းတို့၏ ဆန္ဒများကို ပညာရေးဝန်ကြီးဌာနသို့ ပြောကြားခဲ့ပါသည်။

၁၂။ FOEIM ဖြစ်စဉ်နှင့် ပတ်သက်၍ FOEIM တည်ထောင်သူ ကိုခန့်သူ၊ ရုံးအဖွဲ့များနှင့် သင်ကြားရေး ဆရာ၊ ဆရာမများ တွေ့ဆုံဆွေးနွေးပွဲရလာဒ်များကို ရှင်းလင်းအဖြေရှာရန်အတွက် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အရေးပေါ်အစည်းအဝေးကို ၁၇.၁.၂၀၂၃ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး ကြားနာစုံစမ်းရေး အဖွဲ့၏ အစီရင်ခံစာကို ပြည်သူသို့တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။

၁၃။ FOEIM ကိစ္စနှင့်ပတ်သက်၍ ၁.၂.၂၀၂၃ ရက်နေ့ ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြပြီး လက်ရှိ FOEIM ဆောင်ရွက်နေမှုများ၊ ဆရာ၊ဆရာမများ၏ သတင်းပေးချက်များနှင့် ပတ်သက်၍ တည်ထောင်သူနှင့် ရုံးအဖွဲ့ကို ချက်ချင်းခေါ်ယူမေးမြန်းရန် ဆုံးဖြတ်ခဲ့ပါသည်။

၁၄။ ၁.၂.၂၀၂၃ ရက်နေ့ ည (၈:၀၀) နာရီတွင် လက်ရှိအခြေအနေကို မေးမြန်းရန် တည်ထောင်သူနှင့် ရုံးအဖွဲ့ကို ဖိတ်ခေါ်ခဲ့သော်လည်း တည်ထောင်သူ ကိုခန့်သူသာ တက်ရောက်လာခဲ့ပါပြီး ၎င်းလုပ်ဆောင်နေမှုကိုပြောကြားခဲ့ပါသည်။ ကိုခန့်သူမှ သင်ကြားရေးဆရာ၊ဆရာမများအတွက် ဇန်နဝါရီလ Data Support ပေးရန်နှင့် လက်ရှိစာသင်နှစ်များ ကုန်ဆုံးသည်အထိ Data Support ပေးရန် အာမခံခဲ့ ပါသည်။

၁၅။ ၂.၂.၂၀၂၃ ရက်နေ့ နေ့လယ် (၂:၀၀) နာရီတွင် FOEIM ရုံးအဖွဲ့ကို ထပ်မံခေါ်ယူပြီး ၎င်းတို့လုပ်ဆောင်နေမှုများကို မေးမြန်းခဲ့ပါသည်။

၁၆။ ၈.၂.၂၀၂၃ ရက်နေ့ ဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွင် FOEIM ကိစ္စနှင့်ပတ်သက်၍ ကြားနာစုံစမ်းရေးအဖွဲ့၏ အပြီးသတ်အစီရင်ခံစာကို ပြည်သူသို့တင်ပြရန်နှင့် အစီရင်ခံနှင့်အတူ FOEIM နှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုအပြည့်အစုံကိုပါ ပြည်သူသို့တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။

၁၇။ ၁၇.၁.၂၀၂၃ ရက်နေ့ FOEIM တည်ထောင်သူ၊ ရုံးအဖွဲ့နှင့် ဆရာ၊ဆရာမများနှင့် တွေ့ဆုံမှုများအပြီး နောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော FOEIM ဖြစ်စဉ်များနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနမှ အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**(က) ကြားနာစုံစမ်းရေးအဖွဲ့၏ အကြံပြုချက်အတိုင်း FOEIM ၏ ပညာသင်ကြားမှုကို ရပ်တန့်မှုမဖြစ်ပေါ်စေရေးအတွက် ငွေကြေးကိစ္စနှင့် ပတ်သက်၍ ကိုခန့်သူတွင် တာဝန်ရှိကြောင်း တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ကိုခန့်သူက ဆရာ/မများ၊ ရုံးဝန်ထမ်းများကို လစဉ်ပေးရမည့် Data Support များကို ဆက်လက်ပေးဆောင်ခြင်း မပြုကြောင်း တွေ့ရှိရပါသည်။ အလားတူပင် လုံခြုံရေး ကျိုးပေါက်မှု မရှိစေရေးအတွက် ရုံးအဖွဲ့တွင် တာဝန်ရှိကြောင်း တွေ့ဆုံဆွေးနွေးခဲ့သော်လည်း Social Media ပေါ်တွင် ကျောင်းသား၊ကျောင်းသူ အချို့၏ အချက်အလက်များ ပေါက်ကြားခဲ့သည်ကို တွေ့ရှိရပါသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**https://moe.nugmyanmar.org**

**ကြေညာချက်အမှတ် (၅/၂၀၂၃)**

**၁၃၈၄ ခုနှစ်၊ တပို့တွဲလဆုတ် ၉ ရက်နေ့**

**( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )**

# ကြားကာလအခြေခံပညာပြည်သူ့ပညာရေးကျောင်းများအဖြစ် အသိအမှတ်ပြုကြောင်း ကြေညာချက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ပညာသင်ယူခွင့်ဆုံးရှုံးနေသော ကျောင်းသား၊ ကျောင်းသူများအတွက် ကြားကာလ ပြည်သူ့ပညာရေးကျောင်းများ ဖွင့်လှစ်ကာ စဉ်ဆက်မပြတ် ပညာသင်ကြားရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်သူ့ပညာရေးကျောင်း အသိအမှတ်ပြုမှုဝါဒ (၁၁)ချက်နှင့် Information and Technology Security Guideline များကို လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုထားသည့် အောက်ဖော်ပြပါ Online ကျောင်းများကို “ကြားကာလအခြေခံပညာ ပြည်သူ့ပညာရေးကျောင်း” အဖြစ် အသိအမှတ်ပြုကြောင်း ကြေညာလိုက်သည်။

(၁) Launglone Free Online Class Education School
(၂) Madaya Federal School (မတ္တရာဖက်ဒရယ်ကျောင်း)
(၃) Kamayut Board Home-Base Learning School
(၄) YAUNG NI FEDERAL SCHOOL (ရောင်နီဖက်ဒရယ်ကျောင်း)
(၅) Kawkareik Federal School (ကော့ကရိတ်ဖက်ဒရယ်ကျောင်း)
(၆) Academic Freedom Online Learning Center
(၇) Koh – Tao Online School
(၈) Yangon Federal School
(၉) Garden of Love (GOL) School
(၁၀) Mogok Federal School (မိုးကုတ်ဖက်ဒရယ်ကျောင်း)
(၁၁) Freedom Myanmar Education - School of Basic Education (FME-SoBE)

(၁၂) Putao Federal School(ပူတာအိုဖက်ဒရယ်ကျောင်း)

(၁၃) Victory Land Federal School

(၁၄) PNFC ၏ ကြားကာလ အခြေခံပညာ အခမဲ့ Online စာသင်ကျောင်း

၃။ စိစစ်ဆဲ Online ကျောင်းများကိုလည်း အသိအမှတ်ပြုကြောင်း ဆက်လက်ထုတ်ပြန် ကြေညာပေးသွားမည်ဖြစ်သည်။ မြေပြင်ပြည်သူ့ပညာရေးကျောင်းများအား အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးကိစ္စများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

(ခ) ပြဿနာဖြစ်ပွားစေခဲ့သည့် ကျောင်းတည်ထောင်သူ ကိုခန့်သူနှင့် ရုံးအဖွဲ့တို့သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းပြီး၊ မိမိတို့ဖြစ်စေလိုသည့် ဆန္ဒအတိုင်း ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါသည်။

(ဂ) ယခုအခါ FOEIM ကျောင်းသည် နှစ်ကျောင်းကွဲသွားပြီး ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

(ဃ) ကျောင်းလခများကောက်ခံပြီး ဆရာ၊ဆရာမများ Data Support အတွက် ငွေကြေးတာဝန် ယူမှုမရှိသော ကိုခန့်သူနှင့် ကျောင်းပညာသင်ကြားရေးကို ပျက်စီးအောင် ပြုလုပ်ခဲ့သူများအားလုံးကို ပညာရေးဝန်ကြီးဌာနက အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု (Transitional Justice) အတိုင်း သက်ဆိုင်ရာဥပဒေများအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ကြေညာအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန

https://www.facebook.com/100056088005413/videos/207242885272879/

MOE NUG ကိုဖျက်သိမ်းသင့်တယ်၊Data တွေခနခနပေါက်၊သူတို့နဲ့ဆက်စပ်တဲ့ကျောင်းတွေ၊ဆရာတွေခနခနအဖမ်းခံရတယ်။

IPEM IQY Education Group ကနွေဦးတော်လှန်ရေးအရေးပေါ်ပညာရေးအစီအစဉ်၊KG to Degree လုပ်ထားတယ်၊အဲဒီမှာဘေးကင်းစွာလေ့လာသင်ယူနိုင်တယ်။

http://www.iqytechnicalcollege.com/education1.htm

သင်ယူနိုင်တဲ့လင့်

xxxxx

Kaung For U နဲ့FOEIM ကိစ္စမှာပြည်သူ့နောက်ကျောဒါးနဲ့ထိုးတဲ့နဂါး+နဂါး IT တပ်

https://www.facebook.com/100043340916182/videos/5876278385825847/

https://youtu.be/lpcnkNHcg3Y

DrKyaw Naing 9+


Posts Reels




Sai Mahar Tun and 35 others 17 comments

Like Comment Share

**DrKyaw Naing**
4d ·




Hla Myat Mon and 159 others 4 comments • 15 shares

Like Comment Share

**Account Restricted**
Only you can see this